လဟာပနီကျေးရွာ

ဟင်္သာတမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လဟာပနီကျေးရွာ၊ ဟင်္သာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

မာတိကာ

မာတိကာ ၁-၅
အတိုကောက်စကားလုံးများ ၆
စကားချီး ၇-၈
လဟာပနီကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟသ်ာတမြို့နယ် ၉
လဟာပနီကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် ၁၀
လဟာပနီကျေးရွာအဖွဲ့အစည်းပြမြေပုံ၊ဟသ်ာတမြို့နယ် ၁၁
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်
(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၂-၁၄
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ ၁၄-၁၅
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၅-၁၇
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၇-၂၂
(၅) ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာ ၂၃-၂၉

(၆) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၃၀-၃၁
(၇) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၃၁-၃၂
(၈) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၂-၃၄
(၉) စီမံကိန်းအား စဉ်ဆက်အပြတ်လေ့လာဆန်းစစ်ခြင်းနှင့်နှင့်အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၄-၃၆
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ ၃၇-
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျားမအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်း
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းအပ်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုန်မှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျားမရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ -၈၆
ကိုးကားစာရင်း ၈၇

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ လဟာပနီကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဟသံဘတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လဟာပနီကျေးရွာ
ဟင်္သာတမြို့နယ်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ရက်

နိဒ်ဒေါန်ကျေးရွာအုပ်စု၊ လယ်ယာနိဒ်ကျေးရွာ၊ သယံဇာတပြရေးပုံ



လဟာပနီကျေးရွာရာသီခွင်ပြပြကွဒိန်

အဖြစ်အပျက်	ပြာသို လ	တပို တွဲလ	တပေါင်း လ	တန်ခူး လ	ကဆုန်လ	နယုန် လ	ဝါဆိုလ	ဝါခေါင် လ	တော် သလင်း	သီတင်း ကျွတ်	တန်ဆောင် မုန်း	နတ်တော် လ
ရာသီဥတု	ဆောင်း	ဆောင်း	နွေဥတု	နွေဥတု	နွေဥတု	နွေဥတု	မိုးဥတု	မိုးဥတု	မိုးဥတု	မိုးဥတု	ဆောင်းဥတု	ဆောင်းဥတု
အလုပ်အကိုင်	နွေစပါး စိုက်	မတ်ပဲသိမ်း နွေစပါး မြေသြဇာ	နွေစပါး ရေသွင်း မြေသြဇာ	နွေစပါး ရိတ်	လယ်မြေ	စပါး ကြဲပက်	စပါး	စပါးမြေ သြဇာ	စပါးမြေ သြဇာ	မိုးစပါး သိမ်း	မတ်ပဲစိုက်	မတ်ပဲဆေး ဖြန်းနွေစပါး ပျိုးထောင်
လက်လုပ်လက်စား မိသားစုများဝင်ငွေရရှိမှု (မရှိ/နည်း/များ)	✔✔✔	✔✔✔✔	✔✔	✔✔	✔✔✔	✔✔✔✔	✔✔✔	✔✔	✔✔	✔✔✔✔	✔✔	✔✔✔
အသုံးစရိတ်	✔✔✔✔	✔✔✔✔	✔✔✔	✔✔	✔✔✔✔	✔✔✔✔	✔✔✔	✔✔✔✔	✔✔✔	✔✔✔✔	✔✔✔	✔✔✔
ချေးငွေလိုအပ်မှု	ရှိ	-	-	-	-	ရှိ	-	-	-	-	ရှိ	-
ဝမ်းစာဖူလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	မရှိ	ရှိ	ရှိ	ရှိ
သောက်သုံးရေရရှိမှု	-	-	-	-	-	-	-	-	-	-	-	-
တိရစ္ဆာန်အစာရရှိမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	-	-	-	-	-	-	ရာသီ တုတ်ကွေး	-	-	-	-	-
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	မရှိ	ရှိ (ရွက်လိပ်)	ရှိ(မွှီကပ်)	မရှိ	မရှိ	မရှိ	ရှိ (ကြွက်)	ရှိ	(သီးနှံ ဖျက်ပိုး)	မရှိ	မရှိ	ရှိ(သီး လုံးပေါက်)
ပွဲတော်	လွတ်လပ် ရေးနေ့ပွဲ	-	ဘုရားပွဲ	သင်္ကြန်ပွဲ	ညောင်ရေ သွန်းပွဲ	-	-	-	-	မီးထွန်းပွဲ	ကထိန်ပွဲ	-
သဘာဝဘေးအန္တရာယ်	-	-	-	-	-	လေ တိုက်	လေ တိုက်	-	-	-	-	-

လဟာပနီကျေးရွာအဖွဲ့အစည်းပြဇေပုံဟာသံတမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးမှုဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများ ကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်ဌင်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ် သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျေးရွာနှင့်ဆိုင်သော သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံချက်များချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်

လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်များဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟင်္သာတမြို့နယ်သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ်မှ ၄၅ ဒီဂရီ ၃၅ မိနစ်ကြားတွင်တည်ရှိပါသည်။ အကျယ်အဝန်အားဖြင့် (၃၇၈.၆၅)စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၄)မိုင်ရှိပြီး၊ တောင်မှ မြောက်သို့ (၂၈)မိုင် ရှည်လျားပါသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ (၄၃.၅၀)အထက်တွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေပြန့်ဒေသဖြစ်ပါသည်။ ချောင်း၊မြောင်း၊အင်းအိုင်များ ပေါများပြီး ဧရာဝတီမြစ်၊ ငဝန်မြစ် တည်ရှိပါသည်။ ဟင်္သာတမြို့သည် အရှေ့တောင်ဘက်တွင် ဧလွန်မြို့နှင့် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် တောက်ဘက်တွင် ကျုံပျော်မြို့နယ်နှင့် ဓနုဖြူမြို့နယ် အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ်တို့ တည်ရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုး ရွာသည့်ရက်မှာ (၁၀၈)ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၉၄.၉၈)လက်မ ဖြစ်ပါသည်။ မိုးရွာသွန်းမှု အများဆုံးကာလမှာ ဇူလိုင်လနှင့် သြဂုတ်လများ ဖြစ်ပါသည်။

ကျွန်ုပ်တို့ လဟာပနီကျေးရွာသည် နိဗ္ဗာန်တိုက်နယ်အုပ်စုတွင်ပါဝင်ပြီး မြေပြန့်ဒေသ ဖြစ်ပါသည်။ လဟာပနီကျေးရွာသည် ဟင်္သာတမြို့၏ တောင်ဘက် (၁၂.၄)မိုင်ကွာဝေးပြီး နတ်မော်ကျေးရွာ၊ ပြာကတက်ကျေးရွာ၊ ကျောင်းကွင်း ကျေးရွာ၊ နိဗ္ဗာန်တိုက်နယ်ကျေးရွာခြားနေပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ မိချောင်းတိုးကျေးရွာ၊သရက်အိုင်ကျေးရွာ၊ မဲဇလီတောကျေးရွာ၊ ရွှေသာလျောင်းကျေးရွာ၊ နိဗ္ဗာန်ကျေးရွာ၊ လယ်တီကျေးရွာ၊လယ်ကြီးလေးတွင်းကျေးရွာများ ဖြစ်ပါသည်။ လဟာပနီ

ကျေးရွာသည် လယ်ယာမြေ၊ ခြံလုပ်ငန်း၊အခြားလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သော ဒေသဖြစ်သည်။ နွေရာသီတွင်တနိုင်တပိုင် စိုက်ပျိုးရေအတွက် အဝီစိတွင်းများမှ ရေလုံလောက်စွာရရှိနိုင်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

လဟာပနီကျေးရွာသည် သတ္ထုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း သဘာဝဆေးဖက်ဝင်အပင်များဖြစ်သည့် ကြောင်ပန်းပင်၊ ကြိတ်မံ၊ ရဲယို၊ လောက်သေ၊ ဆင်တုံးမန္တယ်၊ ဇီးဖြူ၊ ဖန်ခါး၊ လဲလှူပင်များ ပေါက်ရောက်သည့်ဒေသတစ်ခုလည်းဖြစ်ပါသည်။ မိုးစပါး စိုက်ကေ (၂၅၈.၂)ကေရှိပြီး နွေစပါး၊ မိုးစပါး၊ပဲအမျိုးမျိုးနှင့် ရာသီပေါ်သီးနှံများ အဓိကထား စိုက်ပျိုးကြပါသည်။ သောက်သုံးရေကို အဝီစိတွင်းနှင့် အုတ်စီရေတွင်းများမှ အသုံးပြုပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လဟာပနီကျေးရွာသည် အိမ်ထောင်စု(၁၇၂)စုရှိပြီး၊ လူဦးရေစုစုပေါင်း (၇၀၀)ဦးရှိသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၃၄)ဦးနှုန်းရှိကြောင်း ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းရှိကြောင်း ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်း ထက်လျော့နည်းနေပါသည်။ အသက်(၁၅)နှစ်မှ(၆၅)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေများမှာ(၆၅%)ရှိပြီး(၁၅)နှစ်အောက်လူဦးရေနှင့် (၆၀)နှစ်အထက်လူဦးရေ စုစုပေါင်း(၃၅%)သည်မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာအတွင်း နေထိုင်သူဦးရေများသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရရှိနိုင်ပါ သည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၆၅)% နီးပါး မှာ မပြေလည်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ(၂၀)စု၊ အလယ်အလတ်ရှိသော(၃၀)စုရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၄၀)အိမ်ထောင်စုရှိကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့် လယ်(၈၈က)အထက် ပိုင်ဆိုင်ကြပြီး လယ်ယာသုံးစက်ကိရိယာ များ ပိုင်ဆိုင်မှုရှိကာအိမ်အခြေအနေကောင်းမွန်မှု ရှိကြပါသည်။ အလယ်အလတ် ရှိသော

အိမ်ထောင်စုတွင် အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိကာ စီးပွားရေးအသင့်အတင့် အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်အခြေအနေ ပိုင်ဆိုင်မှုမရှိခြင်း ၊ လယ်မြေအနည်းငယ်သာပိုင်ဆိုင်ခြင်း၊ အချို့အိမ်ထောင်စုတွင် လယ်မြေပိုင်ဆိုင်မှု မရှိခြင်း၊ အခြားဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သောအိမ်အခြေအနေပိုင်ဆိုင်မှုမရှိခြင်း၊ လယ်ယာမြေများ မရှိခြင်း၊ အချို့အိမ်ထောင်စုများတွင် လယ်မြေပိုင်ဆိုင်မှု အနည်း ငယ်သာရှိခြင်း၊ အချို့အိမ်ထောင်စုများတွင် လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်းကြောင့် ကျပန်းလုပ်ကိုင်ကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးသီးနှံများပျက်စီးမှုမှာ နှစ်တိုင်းကြုံရသောကြောင့် အချိန်ကာလ ကြာမြင့်လာလျှင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နိုင်သော ကျေးရွာလူထုစီးပွားရေးထိခိုက်လာနိုင်ပါသည်။ ဝမ်းစာဖူလုံမှုနှင့်ပတ်သက်သောအချက်အလက်များအားကောက်ယူထားခြင်းမရှိပါ။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

လဟာပနီကျေးရွာတွင် ကျန်းမာရေးဖြစ်ပွားပါက ကျေးရွာအနီးအနားရှိဆေးပေးခန်းသို့ သာမန်အဖျားရောဂါများ သွားရောက်ကုသနိုင်သော်လည်း အရေးပေါ်ကိစ္စရပ်များအတွက် နိဗ္ဗာန်တိုက်နယ်ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ ကျေးရွာနှင့်တိုက်နယ်ဆေးရုံသည် (၃)မိုင်သာခန့်သာဝေးကွာပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင် (၁၅၀) ရှိပါသည်။ သို့သော်လည်း သုံးရေသာရပြီး သန့်ရှင်းသောသောက်သုံးရေ မရရှိပေ။ ကျေးရွာတွင် ယင်လုံအိမ်သာကို အိမ်ထောင်စုတိုင်းသုံးစွဲသောကြောင့် ကျန်းမာသန့်ရှင်းမှုတို့ အလေးထားသော ကျေးရွာဖြစ်ပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

လဟာပနီကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား (၄၇)ဦးရှိပါသည်။ မူလတန်းအဆင့် အောင်မြင်သူများမှာ (၂.၆)မိုင် ကွာဝေးသော နိဗ္ဗာန်အခြေခံအထက်တန်း ကျောင်းတွင် သွားရောက်ပညာသင်ကြားရပါသည်။

ကျောင်းအကျိုးတော်ဆောင် (၇)ဦးနှင့် ကျောင်းသား မိဘများအားလုံးပါဝင်သော မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများ မရှိလုပ် ဆောင်နိုင်ပါသည်။ ပန်းရံလုပ်သားအနည်းငယ်သာရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

လဟာပနီကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများအနက် အမျိုး သားမှာ အမျိုးသမီးဦးရေထက် ပိုများပါသည်။ စပါးကျဲချိန်တွင် အမျိုးသား တစ်ဦး လျှင်(၅၀၀၀)ကျပ်ခန့်ရရှိကြသည်။ ကွမ်းခူးချိန်တွင် အမျိုးသမီးတစ်ဦး လျှင်(၃၀၀၀) ကျပ်ခန့်ရရှိကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ တနေ့လျှင် လုပ်အားခ ကျား(၅၀၀၀)ကျပ်၊မ(၄၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စု ပေါင်း(၄၅)ခန့် လုပ်ကိုင်ကြသည်။ကျေးရွာ၏စာတက်မြောက်မှုတွင်လည်း ပညာရေးအဆင့်လိုက်တွင် အမျိုးသားဦးရေးမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများ ပါဝင်မှုစနစ်မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ သို့သော် လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီး များ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင်အမျိုးသမီးများ အတွက် သံသယဖြစ်ဖွယ်အကြမ်းဖတ်မှုတိုင်ကြားမှုများမရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိပဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာ နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

လဟာပနီကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ မိဘ ဆရာအသင်းရပ်မိ/ရပ်ဖ ၊ဂေါပက ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့သည် သာသနာရေး ကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခု

အခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလမ်းညွှန်ချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

လဟာပနီကျေးရွာတွင်ရှိသော လယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီတွင်စိုက်ဧက(၂၅၈.၂)ခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးသည် မျိုးစေ့ကြဲစနစ်ကို ကျင့်သုံးကြပါသည်။ စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ စိုက်ပျိုရေးစရိတ်သာ အထောက်အကူပြုပါသည်။ သို့သော်ဓာတ်မြေဩဇာနှင့်ရိတ်သိမ်းစရိတ်တို့အတွက် ပြင်ပလုပ်ငန်းများနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်တို့မှာ အတိုးနှုန်း(၃)ကျပ်မှ (၅)ကျပ်၊ အလွတ်ချေးငွေများအတွက် အတိုးနှုန်း(၆)ကျပ်အထိ လိုအပ်သော ချေးငွေများ ချေးယူရပါသည်။

နွေစပါးစိုက်ပျိုးချိန်နောက်ကျသည့် လယ်များတွင် သီးနှံအတွက် ရေအခက်အခဲပြဿနာများ ရင်ဆိုင်နေကြရပါသည်။ စိုက်ပျိုးရေးအတွက် အားထားရသော အင်းများမှာ ခမ်းခြောက်လာခြင်းကြောင့် လယ်သမားများ ရေကိုလုံလောက်စွာ မရပေ။ လယ်အတွင်း အဝီစိတွင်းများတူးဖော်၍ ရေကိုစုပ်ယူရပါသည်။ ကွမ်းစိုက်ပျိုးခြင်းကို ကျေးရွာအတွင်းရှိ အိမ်ထောင်စုပေါင်း(၇၅)% စိုက်ပျိုးကြပါ သည်။ ရောဂါကင်းလွတ်သော ကွမ်းခြံများတွင် တိုင်(၁၀၀၀)လျှင် တစ်လဝင်ငွေ (၈၀၀၀၀)ကျပ်ခန့်ရရှိသဖြင့် ဆင်းရဲသားတောင်သူများအတွက် အားထားစိုက်ပျိုးနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီးများဆုံးရှုံးနိုင်ပါသည်။ စိုက်ပျိုရေးကိုသာ အဓိက စိုက်ပျိုးသော ကျေးရွာဖြစ်သည့်အတွက် ကြက်၊ ဝက်၊ ဘဲများကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းများ အားရေပေါရေလျံသာ လုပ်ကိုင်ကြပါသည်။ လဟာပနီကျေးရွာတွင် စိုက်ပျိုးရေး ကို အဓိကလုပ်ကိုင်ကြပါသည်။စပါးကို မိုးရာသီနှင့် နွေရာသီတွင် စိုက်ပျိုးကြပြီး ကွမ်းကို နွေ ၊မိုး ၊ဆောင်း သုံးရာသီလုံး စိုက်ပျိုးကြသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲ ၊မြင်းများ မွေးမြူကြသော်လည်း ကြက်မွေးမြူရေးမှာ တပိုင်တနိုင်သာမွေးမြူကြပါသည်။

စိုက်ပျိုးရေးမလုပ်သော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်အရောင်းအဝယ်နှင့် ကျပန်း ဘောက်လုပ်ကိုင်ဆောင်ရွက်ကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လဟာပနီကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်ပဲ အခြားစီးပွားလုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ကယ်ရီပန်းရံ၊ လက်သမား အစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။နေ့စားလုပ်ကိုင်ကြသူများမှာလည်း လယ်ထဲတွင် စက်မောင်းခြင်း၊ ကွမ်းခြံဆင်ခြင်း၊ ကွမ်းခူးခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်နေ့လုပ်အားခမှာ ကျား(၅၀၀၀)ကျပ်၊ မ(၄၀၀၀)ကျပ် ရရှိပါသည်။ လုပ်အားခ ရရှိမှုမှာ ကျားနှင့်မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာများကို အသုံးမပြုဘဲ ဓာတုမြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမို အသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီဩဇာများ ခမ်းခြောက်လာပြီး မြေဆီလွှာပျက်စီးမှုများ ဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်စီးလာသောကြောင့် သဘာဝအပင်မျိုးစေ့များလည်း ရှားပါးလာကာအပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှုအားနည်းကြလာပြီး ဖျက်ပိုးများကျရောက်မှု ရှိနေပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မင်းမဟော်ကုမ္ပဏီ၊ ရွှေနဂါးကုမ္ပဏီတို့မှ အသိပညာဟောပြောပွဲများ ပြုလုပ်ပေးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေး ရန်အရင်းအမြစ်များဖြစ်သည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၈၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက်ချေးယူနိုင်ကြသည်။ ထုတ်ချေးသည့်ကာလမှာ (၇)လ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေမရရှိသဖြင့် အပြင်လုပ်ငန်းရှင်များထံမှ ငွေတိုးချေးယူသုံးစွဲရပါသည်။ ချေးငွေအတိုးနှုန်းများသည့်အတွက် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပေသည်။သမဝါယမ

အဖွဲ့မှထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် ဆုငွေ(၅၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့်ကျပန်းဟူ၍ ငွေထုတ်ချေး သည့် ပုံစံ(၂)မျိုးရှိ၍ အတိုးနှုန်းလည်း အတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် တစ်သိန်းကျပ် ထုတ်ချေးနိုင်ပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

လဟာပနီကျေးရွာတွင် အခြေခံမူလတန်းကျောင်းဆောင်မှာ (၉၀ပေ၊ ၃၀ ပေ၊ ၁၃ပေ) တစ်ထပ်ကျောင်း ဆောင်တစ်ဆောင်၊ (၆၀ပေ၊ ၃၀ပေ၊ ၁၂ပေ) တစ်ထပ်ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။ ကျောင်းတွင်အစိုးရခန့်ကျောင်းအုပ်ဆရာမတစ်ဦး၊ ကျောင်းဆရာတစ်ဦး၊ ကျောင်းဆရာမသုံးဦး စုစုပေါင်း ငါးဦးရှိကာ ဆရာ/ဆရာမအချိုးညီမျှမှုရှိပြီး ထိုင်ခုံနှင့်စာရေးခုံများ လိုအပ်ချက်များရှိနေပါသေးသည်။ ကျောင်းသားဦးရေ (၇၅) ဦးရှိပြီး ကျေးရွာမှ (၃) နှစ်အထက် ကလေး များကို အစိုးရမှပြုလုပ်ပေးသော မူကြိုကျောင်းဆောင်တွင် ပညာသင်ကြား ပေးနေပါသည်။ ကလေးငယ်များအတွက် ကစားကွင်းလည်း လိုအပ်နေပါသည်။ ကျောင်းသား/သူများအတွက် သောက်ရေအခက်အခဲရှိသောကြောင့်ဂါလံ(၄၀၀၀) ဆန့်မိုးရေလှောင်ကန်တစ်ကန်ရှိလျှင် တစ်နှစ်ပတ်လုံး သောက်ရေဖူလုံနိုင်ပါသည်။ ကျေးရွာရှိမူလတန်းကျောင်းတွင် တက်ရောက်ပြီးသော် ပတ်ဝန်းကျင်ရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူကြရသောကြောင့် ကျောင်းသူ/ကျောင်းသားများအောင် ချက်မြင့်မားစေရန်အတွက် အားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျေးရွာအတွင်းတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများမှ လစဉ်ထိုးနှံပေးသောကြောင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ်လေ့ရှိသော ရောဂါများကင်းဝေးကြရသည်။ သာမန်အဖျားအတွက် ကျေးရွာရှိဆေးဆိုင်များတွင် ရောင်းချသောဆေးများဖြင့် ပျောက်ကင်းသော်လည်း ဆိုးရွားသောရောဂါများနှင့် မတော်တဆဖြစ်ပွားမှုများအတွက် ကျေးရွာနှင့်(၃)မိုင်သာ ကွာဝေးသော နိဗ္ဗာန်တိုက်နယ်ဆေးရုံသို့ သွားရောက်သည့်အခါ လမ်းခရီးတွင် ကြုံကြာမှုရှိသဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေလည်းရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက ကျန်းမာရေး

အတွက်သာမကကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး စီးပွားရေး အခွင့်လမ်းကောင်းများ ပွင့်လင်းလာမည် ဖြစ်ပါသည်။ ကျေးရွာအတွင်း တူးဖော်ထား သော အဝီစိတွင်းများသည် သောက်ရေအတွက် လုံလောက်မှုမရှိသော်လည်း သုံးရေ အတွက် လုံလောက်မှုရှိသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များသည်ကျေးရွာ၏သာရေး၊နာရေး၊ဘာသာရေးတို့တွင် ပါဝင်ဆောင် ရွက်ကြသည်။ ယခင်ကတည်းက ဖွဲ့စည်းခဲ့သော ပရဟိတလူငယ်အသင်းအား ယနေ့ အချိန်ထိကျေးရွာလူငယ်များမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ လူငယ်များအတွက် အားကစားနှင့် ကာယလေ့ကျင့်ခန်းများပြုလုပ်ရန် နေရာနှင့်အထောက်အကူပြုပစ္စည်းများမရှိခြင်းကြောင့် ကိုယ်ကာယသန်မာမှုအတွက် အားကစားဝန်ဆောင်မှုများ လိုအပ်ပါသည်။ လူငယ်များမှ ကျေးရွာ၏ သာရေး၊ နာရေးလုပ်ငန်းများတွင် အားတတ်သရော ပါဝင်လုပ်ဆောင်သော်လည်းဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေပါသည်။ ကျေးရွာမှ လူကြီးများ၏လက်တွဲ ခေါ်ယူမှုမှာလည်း လိုအပ်နေပါသည်။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု လမ်းတံတားလျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး

လဟာပနီကျေးရွာလမ်းသည် ၂၀၁၆ခုနှစ်၌ (၂×၂)၄ပေအကျယ်၊ထု(၄) လက်မ၊ အရှည်ပေ(၁၀၀၀၀)ပေနှင့် အကျယ်၉ရိယာ(၈)ပေရှိ ကွန်ကရစ်လမ်းကို ခင်းခဲ့ပါ သည်။ လဟာပနီကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ အဓိကလမ်းမကြီးအား အားထားအသုံးပြုနေကြရပါသည်။ ကျေးရွာအတွင်း သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီးအစီး(၈၀)ဆိုင်ကယ်အစီး(၆၀)ရှိပါသည်။ စက်ဘီး၊ ဆိုင်ကယ်များ တစ်နှစ် ပတ်လုံးပြေးဆွဲနိုင်သော်လည်း ထော်လာဂျီများ မဆွဲနိုင်ပါ။ ထော်လာဂျီများသည် ပွင်းလင်းရာသီရောက်မှသာ လှည်းလမ်းမှပြေးဆွဲရပါသည်။ ကျေးရွာမီးလင်းရေး အတွက် ယခင်ကဖယောင်းတိုင်နှင့်မီးခွက်များကိုသာ သုံးစွဲနေရပြီး ယခုအခါ ဆိုလာ စနစ် မီးလင်းရေးကို မိမိအစီစဉ်ဖြင့်သာ သုံးစွဲနေရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

လဟာပနီကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြ

သဖြင့် ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘုန်းတော်ကြီးများ ဆုံးမမှု၊ လူကြီးသူမများ၏ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာနေထိုင်ကြပါသည်။ အမှု အခင်းဖြစ်ပွားလေ့မရှိပါ။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ရာအိမ်မှူး၊ကျေးရွာအုပ်ချုပ်ရေးမှူနှင့် ကျေးရွာလူငယ်များပူးပေါင်း ဆောင်ရွက်မှုရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

ဟသံ်ာတမြို့နယ်၊ လဟာပနီကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာအခြေပြဇယား

ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကပြဿနာ	ပြဿနာဖြစ်ရခြင်း အကြောင်းရင်း	ဖွံ့ဖြိုးရေးအခြေအနေ ကောင်းများနှင့် အလားအလာများ	ဖွံ့ဖြိုးရေးအတွက်အဟန့် အတားနှင့် စိန်ခေါ်မှုများ	ဆောင်ရွက်ရမည့် နည်းလမ်းများ	ဦးစားပေးအကောင်အထည် ဖော်ရမည့် စီမံကိန်းများ
ဖွံ့ဖြိုးရေးဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး					
• ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို အစုအဖွဲ့ဖြင့် စနစ်တကျ လုပ်ကိုင်ရာ တွင် အများပါဝင်ဆုံးဖြတ် ဆောင်ရွက်နိုင်သည့် အလေ့အထနှင့် စွမ်းရည်မရှိခြင်း။	• မိရိုးဖလာ အဖွဲ့အစည်း စနစ်ဖြင့် ရပ်ရေးရွာရေး ကိစ္စများကို ဆောင်ရွက် ခဲ့ကြခြင်း • **ရေရှည် ကျေးရွာ ဘက်စုံ ဖွံ့ဖြိုးရေးကို၊ အစုအဖွဲ့ဖြင့်၊ စနစ်တကျ ဆောင်ရွက် သည့် အလေ့အထနှင့် ကျွမ်းကျင်မှုမရှိခြင်း။**	**ကျေးရွာအရေးကိစ္စများ ကိုဦးဆောင်ဆောင်ရွက် နေသောရပ်ရွာမှ ယုံကြည်ကိုးစားရသည့် သူများရှိခြင်း၊ အချင်းချင်း ရင်းနှီးခင် မင်ကြခြင်း။**	• လုပ်ငန်းကိစ္စများပေါ်ပေါ် က်မှသာကော်မတီဖွဲ့စည်း ဆောင်ရွက်ကြသည့် အလေ့အထ ရှိနေခြင်း၊ • ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ နည်းပညာအကူအညီ တောင်းခံသည့် အလေ့အထနည်းခြင်း	• ကျေးရွာအဖွဲ့အစည်း စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ဆက်သွယ်၍ ပြင်ပအကူအညီရှာဖွေခြင်း၊ အဖွဲ့အစည်းစွမ်းရည်တိုးတက်ရေး သင်ကြားလေ့ကျင့်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြုကော်မတီများစနစ်တကျ ဖွဲ့စည်းခြင်း။ ကျေးရွာစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်း စွမ်းရည်တိုးတက်ရေးဆောင်ရွက်ခြင်း။
သီးနှံစိုက်ပျိုးရေး					
• ပျမ်းမျှစပါးအထွက် နှုန်းနည်း ခြင်း	• မျိုးသန့် စပါးမျိုးစေ့ကို လိုသလောက်မရနိုင် သည့်အတွက် အသုံးမပြုနိုင်ခြင်း • လုပ်သားရှားပါးသည့် အတွက် စပါးကို ရွှေ့ပြောင်း စိုက်ပျိုး ခြင်းမပြုနိုင်ဘဲ	• ပုသိမ်၊မြောင်းမြမျိုးသန့် ခြံတို့ထံမှ မျိုးပွားရန် စပါးမျိုးသန့်ဝယ်ယူရရှိ နိုင်ခြင်း • ကောက်စိုက်စက်၊ရိတ်သိမ်းခြွေလှေ့စက်များ အားအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ခြင်း	• စိုက်ပျိုးရေး ဦးစီးဌာန တွင်ကွင်း ဆင်းဝန်ထမ်းအင်အားန ည်းပါးခြင်းကြောင့် မျိုးသန့် ပွားများ ရေးလုပ်ငန်းများတွင် တွင်ကျယ်ကျယ် မဆောင်ရွက်နိုင်ခြင်း	• လယ်သမားများမျိုးသန့်စ ပါးမျိုး စေ့များ အသုံးပြု နိုင်ရေးအတွက် တောင်သူကိုယ်တိုင်မျိုးသ န့်ပွား များထုတ်လုပ် ရောင်းချသည့် စနစ်ဖြစ် အောင်ဆောင်ရွက်ခြင်း။ ၄င်းလုပ်ငန်းကို ဆောင်	စပါးအထွက်တိုးရေး • မျိုးသန့် စပါးမျိုးစေ့ အသုံးပြုနိုင်ရေး လုပ်ငန်း များဆောင်ရွက်ခြင်း • ကောက်စိုက်စက်အငှားလိုက် သည့် ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ခြင်း • သွင်းအားစုများ

	ကြဲပက်စနစ် ကိုကျင့်သုံးရခြင်း • ရင်းနှီးငွေမပြည့်စုံ၍ သွင်းအားစု အလုံအလောက် မသုံးနိုင်ခြင်း		• သွင်းအားစု များ၊ စက်ကိရိ ယာများ အရစ်ကျစနစ်ဖြင့်ဝယ်ယူ နိုင်ရေးအတွက် ရောင်း ချသည့် အဖွဲ့ အစည်းများထံ လယ်သမားများ စနစ်တကျချဉ်းနိုင်ရန် အကူ အညီလိုအပ်ခြင်း	ရွက်နိုင်ရန် စီးပွားရေး အမြင်ရှိ၍ ရင်းနှီးရဲသူ တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနထံမှ နည်းပညာ အကူအညီ ရယူမည်။ • သွင်းအားစုများ၊ စက်ကိရိ ယာများ အရစ်ကျဝယ် ယူနိုင်ရေးအတွက် ငွေကြေး ဝန်ဆောင်မှု ပေးသည့် ဘဏ်များ၊ နည်းပညာဝန်ဆောင် မှုပေးသည့် အဖွဲ့များ ရှာဖွေ ဆက်သွယ်ခြင်း။ ၄င်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုး ရေး ကော်မတီက ဦးဆောင်ရန်။	ပြည့်ဝစွာအသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်း
ဆောင်းသီးနှံစိုက်ပျိုးမှု လျော့နည်းလာ၍ တောင်သူများဝင်ငွေ နည်းလာခြင်း	• အဓိက ဆောင်းသီးနှံဖြစ် သည့် မတ်ပဲ စျေးကွက်ပျက် သောကြောင့် စပါးအပြီး မတ်ပဲ စိုက်ပျိုးမှု လျော့နည်းလာခြင်း • မတ်ပဲအပြင် အခြားအကြိုး အမြတ်များ မည့်သီးနှံ	• ပဲတီစိမ်း အတွက် နိုင်ငံခြားပို့ကုန်စျေးကွ က်ရှိခြင်း • အစေ့ထုတ် ပြောင်း စိုက်ပျိုး နိုင်သည့် ရေမြေ ရာသီဥတုရှိခြင်း • မြေဩာက်ရေရရှိနိုင် ခြင်း	• ဆောင်းသီးနှံ ဝင်ငွေနှင့် မြေဩာက်ရေအတွက် ရင်းနှီးမြှုပ်နှံမှု တွက်ခြေကိုက်မည့် စနစ်ကို တွက်ချက် ရေးဆွဲ၍ လယ်သမားများအား အသိအမြင်ဖွင့်ပေးရန်လို အပ်ခြင်း	• မတ်ပဲအစားထိုး အကျိုးအမြတ်များမည့် သီးနှံများ သတ်မှတ်နိုင်ရန် လိုအပ်သော သုတေသနလုပ်ငန်းများ၊ သရုပ်ပြ စမ်းသပ်ကွက်များ စသည့် ဝန်ဆောင်မှုများ ရရှိရန် စိုက်ပျိုးရေးဦးစီး ဌာနထံ တောင်းခံခြင်း	• စျေးကွက် ကောင်းမွန်ပြီး အကျိုး အမြတ်ရရှိစေမည့် သီးနှံရွေးချယ်စိုက်ပျိုး နိုင်အောင်ဆောင်ရွက် ခြင်း

	ရွေးချယ် စိုက်ပျိုးသည့် အတွေ့အကြုံမရှိခြင်း		• အကျိုးအမြတ်များမည့် ဆောင်းသီးနှံများကို စနစ်တကျ သတ်မှတ်ဖော်ထုတ်နိုင်ရန် သုတေသန လုပ်ငန်းများ လိုအပ်ခြင်း	• မြေအောက်ရေကို အကျိုးအမြတ်ရှိစွာအသုံးပြုနိုင်ရေး နည်းစနစ် ရှာဖွေခြင်း(ဥပမာ - ရေတစ်တွင်းမှလယ်သမားများ စုပေါင်းသုံးစွဲသည့် စနစ်၊ ကုန်ကျစရိတ် သက်သာသည့် နည်းပညာ စသည်)။ ၄င်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ ပြင်ပအကူအညီရှာဖွေရန် ဖြစ်ပါသည်	
မွေးမြူရေး					
မိသားစုအပိုဝင်ငွေရ လုပ်ငန်းအဖြစ် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မှု အလွန် နည်းပါးခြင်း	• တိရစ္ဆာန်တစ်နိုင်တစ်ပိုင် မွေး မြူလိုသော်လည်း ရင်းနှီးရန် ငွေကြေး မရှိခြင်း •	• နွားမွေးမြူရန် အစာကြမ်းများ ဖြစ်သည့် ကောက်ရိုး၊ ပဲရိုး များ ရနိုင်ခြင်း • တစ်နိုင်တစ်ပိုင်တိရစ္ဆာန် မွေးမြူနိုင်ရန် အိမ်ခြံဝန်းမြေနေရာလုံလောက်စွာရှိခြင်း	• စီးပွားရေးတွက်ခြေကိုက်မည့် တိရစ္ဆာန်မွေးမြူနည်းဆိုင်ရာ နည်းပညာ၊ စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာ အကူအညီ အကြံဉာဏ်များရရှိရန်လိုအပ်ခြင်း၊	• တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်း လုပ်ကိုင်လိုသူများကို စုဖွဲ့၍ မွေးမြူရေးလုပ်ငန်းစီမံစီချက်များ ရေးဆွဲနိုင်အောင် စီစဉ်ပြီး ချေးငွေရရှိရေး ဆောင်ရွက်ခြင်း၊ (၄င်းလုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက	• တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း

				ဦးဆောင်၍ ပြင်ပအကူအညီရှာဖွေရန်ဖြစ်သည်။)	
စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ					
ကျေးရွာနှင့် ဒေသတွင်း၌ ပုံမှန်ဝင်ငွေရလုပ်ငန်းများ နည်းပါးခြင်း၊ လုပ်ခလစာနည်းသော လုပ်ငန်းများသာ လုပ်ကိုင်ကြရခြင်း	• ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများမဖွံ့ဖြိုးခြင်း (လယ်ယာထွက်ကုန်နှင့် ငါးပုဇွန်အခြေပြုလုပ်ငန်းများ) • ဝန်ဆောင်မှုလုပ်ငန်းများ၌ လုပ်ခလစာကောင်းရရှိရန် အတန်းပညာပြီးမြောက်မှုနိမ့်ပါးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုနည်းပါးခြင်း	• ဒေသတွင်း၌ လယ်ယာအခြေပြုသွင်းကုန်၊ ထွက်ကုန်၊ စက်ကိရိယာအရောင်းအဝယ် ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊လုပ်သားများလိုအပ်ခြင်း၊ • ရန်ကုန်လုပ်သားဈေးကွက်တွင် အဆင့်အမျိုးမျိုး၌လုပ်သားဈေးကွက်ရှိခြင်း	• ကျေးရွာလုပ်သားများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျွမ်းကျင်မှုတိုးတက်ရေးအတွက် နည်းပညာအကူအညီ၊ငွေကြေးအကူအညီဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းများလိုအပ်ခြင်း • ဟင်္သာတမြို့နယ်၌ အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအစီအစဉ်များလိုအပ်ခြင်း	• အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ကျွမ်းကျင်မှုတိုးတက် ရေးအတွက် သုတေသန လုပ်ငန်းများ၊ နည်းပညာ အကူအညီနှင့် ငွေကြေးရရှိနိုင်ရေးတို့အတွက် မြို့နယ်အဆင့်သို့ တင်ပြခြင်း	• ကျေးရွာလူထုအတွက် အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်ဆောင်ရွက်ခြင်း • ကျေးရွာလူထုအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေး ဆောင်ရွက်ခြင်း
လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အဦ					
မိုးရာသီတွင် ဂုံးပေါက်များ ပျက်စီး၍ လယ်မြေများ၊ နေအိမ်များ ရေဝပ်ခြင်း	• ဂုံးပေါက်များမှာ လမ်းထက် နိမ့်ပြီး ရေစီးရာလမ်းကြောင်းများ ကျဉ်းမြောင်းနေခြင်း	• ကျေးရွာလူထုမှ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းဆောင်ရွက်လိုခြင်း • ပြည်သူ့ထည့်ဝင်စုဆောင်းငွေများ ပါဝင်နိုင်ခြင်း	• ရွာတွင်းဂုံးပေါက်အဆင့်မြှင့်တင်ရန် ကျေးရွာလူထုအား ဦးဆောင်ဆော်သြမည့်၊ ပြင်ပအကူအညီ ဦးဆောင်ရှာဖွေမည့် အဖွဲ့အစည်း လိုအပ်ခြင်း	• တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော ဂုံးပေါက်တည်ဆောက်နိုင်ရန်ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဦးဆောင်၍ ဂုံးပေါက်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်။ စက်ကိရိယာ၊နည်းပညာနှင့်အရေးကြီးသွင်းအားစုအတွက်ကျေးလက်ဦးစီး	• ကျေးရွာတွင်းလမ်းပေါ်ရှိ ဂုံးပေါက်တည်ဆောက်ခြင်း

				နှင့်အခြား မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်	
လျှပ်စစ်မီး					
မဟာဓာတ်အားလိုင်းနှင့် (၁)မိုင်အကွာအဝေးသာရှိသော်လည်း လျှပ်စစ်မီးမသွယ်တန်းနိုင်ခြင်း	• မဟာဓာတ်အားလိုင်းသွယ်တန်းရန် ကျေးရွာအင်အားဖြင့် မတတ်နိုင်ခြင်း	ကျေးရွာနှင့်(၁)မိုင်ဝေးသည့် ကျေးရွာ တွင် လျှပ်စစ်မီးရ ရှိပြီးဖြစ်၍ နိုင်ငံတော်၏ဦးစားပေးပေါ်လစီတွင် အကြုံးဝင်ခြင်း	• မီးလင်းရေးလုပ်ငန်းကို စနစ်တကျအကောင်အထည်မည့် အဖွဲ့အစည်း စနစ်ကျေးရွာတွင်း၌ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ခြင်း	• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီးကျေးလက်ဦးစီးဌာန ၊လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့နှင့် တိုင်ပင်၍ မီးလင်းရေး အစီအစဉ်ရေးဆွဲအကောင်အထည်ဖော်ခြင်း ○ မီးလင်းရေးရန်ပုံငွေကောက်ခံစုဆောင်းခြင်း ○ လျှပ်စစ်မီးမရမီအိမ်တိုင်းဆိုလာမီးသုံးနိုင်စေရန်ဆောင်ရွက်ခြင်း။	ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း • လျှပ်စစ်မီးသွယ်ခြင်း • ဆိုလာမီးအိမ်တိုင်းသုံးနိုင်ရေးဆောင်ရွက်ခြင်း။
ကျန်းမာရေး အခြေခံအဆောက်အဦ၊အသုံးအဆောင်နှင့် ဝန်ဆောင်မှုများ					
• ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်တတ်ရန်လိုအပ်ခြင်း (ဥပမာ - အချိုမှုန့်စားသုံး မှုများ၊ ဆေးဆိုင်များမှ စပ်ဆေးများဝယ်ယူ	• အခြေခံကျန်းမာရေးအသိပညာနည်းပါးခြင်း	• ကျေးရွာလူထု၏အခြေခံကျန်းမာရေးအသိမြှင့်တင်ရန် တိုက်နယ်ဆေးခန်းမှဝန်ဆောင်မှုရနိုင်ခြင်း၊ အင်တာနက်၊ စာအုပ်စာတမ်းများမှ ဗဟုသုတများရှာဖွေနိုင်ခြင်း	• ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အဖွဲ့အစည်းစနစ်ဖြင့် ရေရှည် ဆောင်ရွက်ရန် အစီအစဉ်လိုအပ်ခြင်း	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်၍ အရေးပေါ်ကျန်းမာရေးကိစ္စများ အကူအညီပေးနိုင်ရန်ရန်ပုံ တည်ထောင်ခြင်း • ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ တစ်ဆင့် ကျန်းမာရေးဌာနသို့ ကျေးလက်ကျန်းမာရေး	• ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ပညာပေးအစီအစဉ်များ၊ ဟောပြောပွဲများတိုးချဲ့ဆောင်ရွက်ခြင်း • အရေးပေါ်ကျန်းမာရေးကိစ္စများ အကူအညီပေးရေးလုပ်ငန်းများတည်ထောင်ခြင်း

သောက်သုံးမှုများ) • သားဖွားခြင်းနှင့် အရေးပေါ် ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာပါက အခက်အခဲတွေ့ခြင်း •	ဆင်းရဲသောမိသားစုများအတွက် အရေးပေါ်ကူညီရေးအစီအစဉ များမရှိခြင်း	• ဆင်းရဲသားမိသားစုများအတွက် အရေးပေါ် ကျန်းမာရေးကိစ္စများ ကူညီရေးအစီအစဉ် အကောင်အထည်ဖော်ရန်ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့များရှိခြင်း၊		ဆိုင်ရာ အဆောက်အဦ၊ အသုံးအဆောင်နှင့်ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ရရှိအောင်တောင်းဆိုခြင်း၊ • ကျန်းမာရေးဌာန၏ အခြေခံကျန်းမာရေးအသိမြှင့်တင်ရေးအကူအညီများရရှိအောင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဆောင်ရွက်မည်။ • ကျန်းမာရေးအသိပညာဟောပြောပွဲများပြုလုပ်ခြင်း။ • သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုနိုင်ရန် တိုက်တွန်းခြင်း။	
အရည်အသွေးစစ်ဆေးခြင်းမရှိသည့် သောက်သုံးရေကိုအသုံးပြုနေကြခြင်း	• အခြေခံကျန်းမာရေးအသိနည်း၍ သောက်သုံးရေအရည်အသွေးကို အထူးအလေးမထားခြင်း	• ကျေးရွာလူထုမှ ပူးပေါင်းပါဝင်လိုစိတ်ရှိခြင်း • ပုသိမ်မြို့ ကျေးလက်ဦးစီး တိုင်းရုံးတွင် သောက်သုံးရေအရည်အသွေး စမ်းသပ်နိုင်ခြင်း	• သောက်သုံးရေ အရည်အသွေးစစ်ဆေးရန် တိုက်တွန်း နှိုးဆော်မည့် အစီအစဉ် လိုအပ်ခြင်း	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဦးစီးဌာနမှ အကူအညီတောင်းခံ၍ သောက်သုံးရေ စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း • ပုဂ္ဂလိကအလှူရှင်၊ ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	• လုံခြုံစိတ်ချရသည့် သောက်သုံးရေ သောက်နိုင်ရေးဆောင်ရွက်ကြခြင်း
ပညာရေး အခြေခံအဆောက်အဦ၊အသုံးအဆောင်နှင့် ဝန်ဆောင်မှုများ					
ကျောင်းပရိဘောဂများ၊ များမပြည့်စုံခြင်း	• မိဘဆရာအသင်းက စီမံကိန်းချ၍ ဖြည့်ဆည်းရန်လိုအပ်ခြင်း	• မိဘဆရာအသင်းအား ကူညီအားဖြည့်နိုင်မည့် ပရဟိတအဖွဲ့များ၊	• မိဘဆရာအသင်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်	• မိဘဆရာအသင်း၏ စွမ်းဆောင်ရည်ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက	• ကျောင်းပရိဘောဂများ ပြည့်စုံအောင်ဆောင်ရွက် ခြင်း

		ရပ်မိရပ်ဖအဖွဲ့များ ကျေးရွာဥ္စရိုခြင်း	ဆောင်ရွက်ရန်လိုအပ် လိုအပ်ခြင်း	ဦးဆောင်မြှင့်တင်ခြင်း • မိဘဆရာအသင်း၏ ပရိဘောဂဖြည့်တင်းရေးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်း	
လူငယ်နှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးရေး					
လူငယ်များအချိန်ဖြုန်းတီးမှုများခြင်း၊ အားကစားလှုပ်ရှားမှုနည်းခြင်း	• ဖုန်းကြည့်ခြင်းဖြင့်အချိန်ကုန်ခြင်း	လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရန် ပရဟိတလူငယ်အဖွဲ့ များရှိခြင်း၊ လူငယ်များ အပန်းဖြေအနားယူရန် အရိပ်ရသစ်ပင်များရှိခြင်း၊ မြေနေရာလွတ်ရှိခြင်း	• ကျေးရွာလူထုအတွင်း၌ လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ ဆောင်ရွက်ရန် အလေးထားစိတ် မရှိခြင်း	• ကျန်းမာပျော်ရွှင်ရေးအစီအစဉ်များဖြစ်သော၊ အားကစား၊ ရိုးရာယဉ်ကျေးမှုပွဲများ ပြုလုပ်ခြင်း။ • ကျောင်းများ (အထူးသဖြင့် မူလတန်းကျောင်း) များတွင်၊ အားကစား၊ စာဖတ်၊ပြည်သူ့နီတိထိတွေ့နှိုင်ရန်စီစဉ်ပေးခြင်း။	• လူငယ်ဘက်စုံဖွံ့ဖြိုးရေး (ကာယ၊ဉာဏ၊ စာရိတ္တ၊ပရဟိတ) စီစဉ်အားပေးခြင်း။

